# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

COMMERCE

April 22, 2019 Volume 18, Number 12


**၂၂.၄.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၇၈ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၃၉၅၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၉ ကျပ် |
| CBM Rate | = ၁၅၂၈.၁/ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၈.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၆.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၈၅.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၉၀.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၇.၆၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၅၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၃.၈၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၉.၄၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၉၆၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## အာဆီယံဒေသ ဦးဆောင်ငွေအရင်းအနှီးဈေးကွက်တွေထဲမှာ ထိုင်းပါဝင်နေ

အာဆီယံဒေသ ဦးဆောင်အရင်းအနှီးဈေးကွက် capital markets သုံးခုထဲမှာ ထိုင်းနိုင်ငံလည်း ပါဝင်ရပ်တည်နိုင်ခဲ့ပြီး ယင်း ဦးစီးဦးဆောင်နေရာမှာ လာမယ့် ၂၀၃၀ အထိ ဆက်လက်ရှိနေလိမ့်မယ်လို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ ဒေသသတွင်း ထိပ်တန်း ငွေကြေးအရင်းအနှီးဈေးကွက်တွေထဲမှာ ထိုင်းရဲ့ ရှေ့မှာတော့ စင်ကာပူနဲ့အင်ဒိုနီးရှားတို့ ရှိနေပါတယ်။

PwC ကိုယ်စား Economist Intelligence Unit က ပြုစုတဲ့ လေ့လာချက်တစ်ခုအပေါ်အခြေခံပြီး ယခုအစီရင်ခံစာ Capital Markets ကိုထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ ယင်းစစ်တမ်းမှာတော့ ကမ္ဘာတစ်ဝန်း ကုမ္ပဏီအသီးသီးက အမှုဆောင်အရာရှိ ၄၀၀ နီးပါးလောက်ကို ကမ္ဘာလုံးဆိုင်ရာ အစုရှယ်ယာ အရင်းအနှီးဈေးကွက်ကို အဓိပ္ပါယ်ဖော်ဆောင်နေတဲ့ အချက်အလက်တွေနဲ့ ပတ်သက်လို့ သဘောထားမေးမြန်းရယူထားခဲ့တာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ရေရှည် တိုးတက်မှုကို တည်ဆောက်ဖို့ အရင်းအနှီးမတည်ချင်တဲ့ အရွယ်အစားစုံ ကုမ္ပဏီတွေအတွက်ကတော့ ထိုင်းစတော့ဈေးကွက်က ဆွဲဆောင်နိုင်တဲ့ ရင်းမြစ်တစ်ခုအဖြစ်ဆက်ရှိနေကြောင်း PwC Thailand က တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ Boonlert Kamolchanokkul က ပြောသွားပါတယ်။

**Source:**http://www.nationmultimedia.com/detail/Economy/30367924

## နှစ်နိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေး ပူးပေါင်းလုပ်ဆောင်ဖို့ မြန်မာနှင့်ထိုင်းသဘောတူ

ထိုင်း-မြန်မာ နှစ်နိုင်ငံက ရှေ့ဟောင်းမြို့တွေအကြား ချိတ်ဆက်သွယ်မယ့်ခရီးသွား လမ်းကြောင်းတွေ ဖော်ဆောင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူ ညီချက်တစ်ခုကို နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒါဟာ အာဆီယံဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာမယ့်အလားအလာအပေါ် အသုံးချနိုင်ဖို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုတစ်ခုလည်းဖြစ်ပါတယ်။

နှစ်နိုင်ငံစလုံးမှာရှိတဲ့ ရှေ့ဟောင်းအမွေအနှစ်မြို့တွေအကြား ချိတ်ဆက်မယ့် ယဉ်ကျေးမှုခရီးသွားလမ်းကြောင်းတွေဖော်ဆောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ MoU တစ်ရပ်ကိုလည်းယခုလအစောပိုင်းကထိုင်းခရီးသွားလုပ်ငန်း မြှင့်တင်ရေးအဖွဲ့တစ်ခုဖြစ်တဲ့ Dasta နဲ့ မြန်မာအာဏာပိုင်တွေအကြား လက်မှတ်ရေးထိုးခဲ့တယ်လို့ သိရပါတယ်။ ယင်း MoU အောက်မှာဆိုရင် Dasta နဲ့ မြန်မာနိုင်ငံတောင်ပိုင်း မြိတ်မြို့ အာဏာပိုင်တွေပူးပေါင်းပြီး ရှေ့ဟောင်း Dvaravati ခေတ်က သမိုင်းဝင်နေရာတွေကို ချိတ်ဆက်မယ့် ခရီးသွား အစီအစဉ်တွေ ဖော်ဆောင်ရေးအတူတကွလုပ်ဆောင် သွားကြမှာဖြစ်ပါတယ်။

အဆိုပါ ခရီးသွား ပရောဂျက်ရဲ့ ပထမအဆင့်မှာတော့ ထိုင်းနိုင်ငံရဲ့ U Thong ရှေ့ဟောင်းမြို့ကနေတဆင့် ထိုင်းအနောက်ပိုင်းကိုဖြတ်ပြီး မြန်မာနိုင်ငံ တနင်္သာရီ

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

တိုင်းဒေသကြီးကိုချိတ်ဆက်မယ့် လမ်းကြောင်း၄ခု ပါဝင်မှာဖြစ်တယ်လို့သိရ ပါတယ်။ အဆိုပါ ခရီးသွားလမ်းကြောင်းသစ်တွေဟာ အာဆီယံခရီးသွားလုပ်ငန်းကို ကူညီပြန့်ကားတိုးတက်စေမယ်လို့ Dasta ရဲ့ ဒုတိယညွှန်ကြားရေးမှူး Chumpol Musiganont က ပြောသွားခဲ့ပါတယ်။

**Source:**https://www.bangkokpost.com/business/news/1663652/

## တစ်နှစ်အတွင်း ဆန်တန်ချိန် ၂ ဒသမ ၂ သန်းကျော်တင်ပို့ခဲ့

၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ မတ်လဆန်းပိုင်းအထိ တစ်နှစ် အတွင်း ဆန်မက်ထရစ်တန်ပေါင်း ၂ ဒသမ ၂ သန်းကျော် ပြည်ပတင်ပို့ခဲ့တယ်လို့ မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်ထံ သိရပါတယ်။ပင်လယ်ရေကြောင်းကုန်သွယ်ရေးမှ ဆန်တန်ချိန် ၁ ဒသမ ၁၁ သန်းကျော် ပို့ကုန်ဝင်ငွေကန်ဒေါ်လာ ၃၆၁ သန်းကျော်ရရှိခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးမှ တန်ချိန် ၁ဒသမ ၁ သန်းကျော် ပို့ကုန်ဝင်ငွေ ၃၆၉ သန်းကျော် ရရှိခဲ့ပါတယ်။

ပြီးခဲ့ဘဏ္ဍာနှစ်က ဆန်တန်ချိန် ၃ ဒသမ ၂ သန်းတင်ပို့ခဲ့ပြီး ကန်ဒေါ်လာ ၁ ဘီလီယံဝန်းကျင်ရရှိခဲ့တာကြောင့် ယခင်နှစ်နဲ့ယှဉ်ရင် တန်ချိန် ၁ သန်းဝန်းကျင်လျော့ကျသွားခဲ့တာဖြစ်ပါတယ်။အခုနှစ် ဇန်နဝါရီလပိုင်းမှစတင်က ဥရောပ ကော်မရှင်မှလည်း အီးယူကိုတင်ပို့နေတဲ့ မြန်မာဆန်လုံးရှည်တွေကို အခွန်ပြန်လည်ကောက်ခံမှုတွေရှိထားခဲ့ပါတယ်။

**Source:**https://www.facebook.com/SFJWeekly/

## တစ်နှစ်အတွင်း ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲနဲ့ သတ္တုထုတ်လုပ်မှုမှ ငွေကျပ် ၁၀၂၇၇၇၄ သန်းကျော်ရရှိခဲ့

၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် မတ်လအထိ ကျောက်စိမ်း၊ကျောက်မျက်၊ပုလဲနဲ့ သတ္တုထုတ်လုပ်မှုမှ ငွေကျပ် ၁၀၂၇၇၇၄သန်းကျော် ထုတ်လုပ်ရရှိခဲ့တယ်လို့ သတ္တုတွင်းဦးစီးဌာန ထုတ်ပြန်ချက်အရသိရပါတယ်။ ယင်းတစ်နှစ်အတွင်း ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲနဲ့ သတ္တုထုတ်လုပ်မှုမှ ကျပ် ၇၃၉၀၈၆ သန်းကျော်ရရှိဖို့ ရည်မှန်းခဲ့ပြီး အမှန်တကယ်ထုတ်လုပ်မှုက ကျပ် ၁၀၂၇၇၇၄ သန်းကျော်အထိရှိခဲ့တယ်လို့ ယင်းဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီးက ပြောဆိုတာဖြစ်ပါတယ်။

သတ္တုတွင်းဝန်ကြီးဌာနရဲ့ တတိယ ၁ နှစ်တာကာလအတွင်း အမျိုးသားစီမံကိန်းရည်မှန်းချက်တွေအဖြစ် သတ္တုထုတ်လုပ်မှုမှ ငွေကျပ် ၆၀၀၄၅၈ သန်းကျော်လျာထားခဲ့ပြီး ငွေကျပ် ၈၄၅၃၇၁ သန်းကျော်ရရှိခဲ့ပါတယ်။ ကျောက်စိမ်းထုတ်လုပ်မှုငွေကျပ် ၄၂၇၅၁ သန်းကျော် လျာထားခဲ့ရာ ငွေကျပ် ၄၀၄၂၆ သန်းကျော်ထုတ်လုပ်နိုင်ခဲ့ပါတယ်။

ထို့အတူ ကျောက်မျက်ထုတ်လုပ်မှုမှ ငွေကျပ်သန်း ၁၈၉၆၀ လျာထားခဲ့ရာ အမှန်တကယ်ထုတ်လုပ်မှုက ၉၁၀၇ သန်းရရှိခဲ့တယ်လို့ သိရပါတယ်။ ပုလဲထုတ်လုပ်မှုမှ ၇၆၇၂၁ သန်းကျော်လျာထားခဲ့ပြီး အမှန်တကယ်ထုတ်လုပ် မှုက ငွေကျပ် ၁၃၂၆၀၆ သန်းကျော်ရရှိခဲ့တယ်လို့ သိရပါတယ်။

ယင်းကာလအတွင်း ကျောက်မျက်ရတနာပြပွဲတွေပြုလုပ်ခဲ့ရာ ၂၀၁၈ ခုနှစ် ဇွန်လမှာ ယူရိုငွေဖြင့် ၃၃၃ သန်းကျော် ရောင်းချခဲ့ပြီး ကျောက်စိမ်း၊ကျော်မျက်အတွဲပေါင်းက ၄၃၂၉ တွဲရောင်းချခဲ့ပါတယ်။ နိုဝင်ဘာမှာ မြန်မာကျပ်ငွေဖြင့် ရောင်းချသည့်ပွဲမှ ကျောက်စိမ်းနဲ့ကျောက်မျက်အတွဲပေါင်း ၂၉၁၈ တွဲရောင်းချခဲ့ပြီးငွေကျပ် ၄၂၆၃၅သန်းကျော်ရရှိခဲ့တယ်လို့ ယင်းဌာနတာဝန်ရှိသူတွေရဲ့ ပြောဆိုမှုအရသိရပါတယ်။

**Source:**https://www.facebook.com/SFJWeekly/posts/2373099912777287?__tn__=K-R

## မကွေးတွင် ကျောက်စရစ်နှင့်သဲများဝယ်ယူရာတွင် စံဈေးနှုန်းများသတ်မှတ်

မကွေးမြို့တွင် ကျောက်စရစ်နှင့်သဲများ ဝယ်ယူရာတွင် စံဈေးနှုန်းများ( တစ်သတ်မတ်တည်းဈေးနှုန်း) ကို သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ စီမံခန့်ခွဲမှုကော်မတီအဖွဲ့မှ သိရသည်။

" ထုတ်လုပ်စရိတ်က ဘယ်လောက်ရှိတယ်။ အရင်းဘယ်လောက်၊ အမြတ်ဘယ်လောက်ရှိတယ်။ နောက်ပြီး သယ်ခစသဖြင့်ပေါ့။ နောက်ပြီး ကျောက်စရစ်လုပ်ငန်းလုပ်ကိုင်သူတွေ ၊ အလုပ်သမားတွေရဲ့ သာရေး၊ နာရေး ရန်ပုံငွေတွေ ရှိမယ်။ နိုင်ငံတော်ကို ဆောင်ရမဲ့အခွန်တွေ ရှိမယ်။ ဒါတွေကို တွက်ချက်ပြီး မကွေးမှာ ကျောက်စရစ်တစ်ကျင်းရဲ့ စံဈေးနှုန်းကို သတ်မှတ်ပေးထားပါတယ်။ ပစ္စည်းသယ်ယူပို့ဆောင်တဲ့အခါမှာလည်း ဖုန်အပိုင်းအခြားအလိုက်

ဈေးနှုန်းသတ်မှတ်ပေးထားပါတယ်။ ဒါကလည်း လုပ်ငန်းရှင်အားလုံးရဲ့ သဘောတူညီချက်နဲ့ သတ်မှတ်တာပါ” ဟု မကွေးတိုင်းဒေသကြီး ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူးဖြစ်သူ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၊ မကွေးတိုင်းဦးစီးမှူး ဦးဇော်လွင်က ပြောသည်။
ကျောက်စရစ်တစ်ကျင်းအတွက် ထုတ်လုပ်စရိတ် ၁၆၀၀၀ကျပ် ၊ တင်ဆောင်ခ ၂၀၀၀ ကျပ် ၊ အခွန် ၂၅၀၀ကျပ် နှင့် အသားတင်အမြတ်တို့ကို ထည့်သွင်းတွက်ချက်ကာ ကျောက်စရစ်တစ်ကျင်း ၂၃၀၀၀ကျပ် သတ်မှတ်ထား ပြီး သဲတစ်ကျင်း ဈေးနှုန်းကိုလည်း ၇၀၀၀ ကျပ် သတ်မှတ်ထားသည်။

လုပ်ငန်းရှင်မှ တိုက်ရိုက်ပို့ဆောင်ရောင်းချသည်ဖြစ်စေ ၊ အခြားတစ်ဆင့်ခံ သယ်ယူပို့ဆောင်ရောင်းချသူက ရောင်းချသည်ဖြစ်စေ သတ်မှတ်စံဈေးနှုန်းတစ်ခုတည်းဖြစ်စေရန် ညွှန်ကြားထားကြောင်း ၊ လုပ်ငန်းရှင်များ ဘက်မှ ဈေးနှုန်းချ၍ ရောင်းချခြင်းကြောင့် အခြားလုပ်ငန်းလုပ်ကိုင်သူများ၏ လုပ်ငန်းဆောင်တာများလည်း ရပ်တန့်မသွားစေရန် သင့်တင့်မျှတသော ဈေးနှုန်း သတ်မှတ်ရခြင်းဖြစ်ကြောင်း တိုင်းဦးစီးမှူး ဦးဇော်လွင် က ရှင်းပြသည်။

“ ဈေးနှုန်းက တစ်ပြေးညီဖြစ်ရမယ်။ ဈေးနှုန်းနဲ့ပတ်သက်ပြီး ကားသမားစည်းကမ်းဖောက်ရင်လည်း ယာဉ်မောင်း ရော ၊ ယာဉ်ပိုင်ရှင်ပါ အရေးယူမယ်။ အားသာတဲ့သူက လွှမ်းမိုးသွားမျိုးမဖြစ်အောင် လုပ်သွားပါမယ်။ လုပ်ငန်း လုပ်ကိုင်သူအားလုံး သာတူညီမျှလုပ်နိုင်အောင် ကြိုးစားနေပါတယ်။ မကွေးတိုင်းအတွင်းမြို့နယ် ၂၅ မြို့နယ် ထဲက ၂၂ မြို့နယ်မှာ ကော်မတီတွေ ဖွဲ့ပြီးသွားပါပြီ ” ဟု ဦးဇော်လွင်က ဆိုသည်။

ထုတ်လုပ်မှုဆိုင်ရာ လွယ်ကူခက်ခဲမှုအလိုက် ဈေးနှုန်းကွာခြားချက်များရှိနေခြင်းကြောင့် တစ်တိုင်းလုံးတွင် တစ်ပြေးညီဈေး မဖြစ်နိုင်ကြောင်း ၊ ပစ္စည်းတင်ဒါခေါ်ယူသည့်အခါတွင် အဆမတန်ဈေးနှုန်းတင်ခြင်းများရှိနေပြီး လုပ်ငန်းရှင် တစ်ဦးတစ်ယောက်က ဈေးနှုန်းထိန်းချုပ်ခြင်းမျိုးမဖြစ်စေရန်နှင့် လုပ်ငန်းရှင်များ ၊ သုံးစွဲသူများ မျှတသော အကျိုးအမြတ်ကို ခံစားခွင့်ရရန် မြို့နယ်အသီးသီးတွင်ဖွဲ့စည်းထားသော ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ စီမံခန့်ခွဲမှုကော်မတီများက ကြပ်မတ်ထိန်းညှိသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ထံက သိရသည်။

Mizzima - News in Burmese

**Source:**https://www.facebook.com/kope.aung?ref=br_rs

## စိုက်ပျိုးရေး တောင်သူများထံမှ ရရန်ရှိသည့် ဆည်ရေသောက်ခွန် ကြွေးကျန် ၉ဘီလီယံကို ဆက်လက်ကောက်ခံမည်



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေး တောင်သူများထံမှ ကောက်ခံရန်ရှိသည့် ဆည်ရေသောက်ခွန် ကြွေးကျန်၉ ဘီလီယံကို ဆက်လက်ကောက်ခံသွားမည် ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာစိုးသန်းက ပြောသည်။ မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ တောင်သူများထံမှ ရရှိရန်ရှိသည့် ရေခွန်ကြွေးကျန် ၉ ဘီလီယံကို လျော်ပစ်ရန်နှင့်ဖြေလျှော့ ပေးရန်အစီအစဉ်မရှိပဲ ဆက်လက်ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

ရေခွန်နှင့် တာတမံခွန်ဥပဒေအရ ရေခွန်တွေကို မြေခွန်မပြေ ကျန်ငွေကဲ့သို့ ကောက်ယူရမယ်လို့ ပါရှိပါတယ်။ ဒါ ကြောင့် ရေခွန်ကြွေးကျန်၉ ဘီလီယံကို ဆက်လက်ကောက်ခံသွားမှာပါ " ဟု ဝန်ကြီးဒေါက်တာစိုးသန်းကပြောသည်။
မန္တလေးတိုင်း ဒေသကြီးအတွင်းရှိတောင်သူများထံမှ ရရှိရန်ရှိသည့် ရေခွန်ကြွေးကျန် ၉ ဘီလီယံမှာ ၂၀၀၆ ခု နှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ရရှိရန်ရှိသည့် ကြွေးကျန်များဖြစ်ကြောင်း၊ ၂၀၀၆ ခုနှစ်မတိုင်မီအချိန်က ရေခွန်များကို အထွေ

ထွေအုပ်ချုပ်ရေး ဦးစီးဌာနမှကောက်ခံခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်မှစတက်ကာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာမှ ရေခွန်များကို ကောက်ခံရန်တာဝန်ယူပြီးနောက်ပိုင်းမှ ရေခွန်ကြွေးကျန်များ ဖြစ်ပေါ် လာခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်မှ စတင်ကာ ရေခွန်ကြွေးကျန်များကို စတင်ကောက်ခံရန်စီစဉ်ခဲ့သော်လည်း ရေခွန်နှင့် တာတမံခွန်ဥပဒေ ပြဌာန်းခြင်း မရှိသည့်အတွက်ကောက်ခံရန်စောင့်နေခဲ့ရကြောင်း၊ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင်ရေခွန်နှင့် တာတမံခွန်ဥပဒေကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုလိုက်သည့်အတွက်ရေခွန်ကြွေးကျန်များကို ကောက်ခံရန် မန္တလေးတိုင်းဒေသကြီး ရေခွန်ကောက်ခံရေး၊ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေး ရေခွန်ကောက်ခံရေး အဖွဲ့များကို ၂၀၁၇ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ယခုအခါတွင်အဆိုပါအဖွဲ့များမှ လက်ရှိကာလ ရေခွန်များကို ကောက်ခံသည့်အပြင် ယခင်ရေခွန်ကြွေးကျန်များကိုပါ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**Source:**http://www.amiamyanmar.com/detail.aspx?id=7971

## ကုန်ဖလှယ်မှုစနစ်ဖြင့်ကုန်သွယ်ရန် ယူနန်ပြည်နယ် ကူမင်းပြည်သူ့အစိုးရနှင့် MOU ရေးထိုး

ကုန်ဖလှယ်မှုစနစ် (Barter System) ဖြင့် ကုန်သွယ်မှု ပြုလုပ်ရန် ယူနန်ပြည်နယ် ကူမင်းပြည်သူ့ အစိုးရနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့ ယခုဧပြီလ ၂၁ ရက်နေ့က နှစ်နိုင်ငံ နားလည်မှု စာချွန်လွှာ MoU လက်မှတ် ရေးထိုးခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သတင်းရရှိသည်။



အဆိုပါ MoU ကို နှစ်နိုင်ငံ အစိုးရတာဝန်ရှိသူများမှ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်ရန်အတွက် တရုတ်နိုင်ငံဘက်မှ ကုမ္ပဏီတစ်ခုကို တာဝန်ပေးထားကာ မြန်မာနိုင်ငံဘက်မှ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI ၏ လယ်ယာ/ မွေး/ ရေ ဖွံ့ဖြိုးရေးကော်မတီကို တာဝန်ပေးအပ်ထားကြောင်း အသင်းချုပ်၏ ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က ၎င်း၏ ဖေ့ဘွတ်စာမျက်နှာတွင် ဖော်ပြထားသည်။ လက်ရှိတွင် ယင်းကော်မတီနှင့် အသင်းအဖွဲ့များ ဆက်လက်ညှိနှိုင်းကာ မြန်မာနိုင်ငံဘက်မှ တင်ပို့မည့် ကုန်ပ စ္စည်းများ၊ တင်သွင်းလိုသည့် ကုန်ပစ္စည်းများကို စာရင်းပြုစုရမည်ဖြစ်ပြီး တစ်ဖက် တရုတ်နိုင်ငံကုမ္ပဏီများဘက်မှလည်း တင်ပို့လိုသည့်ပစ္စည်းများ၊ တင်သွင်းလိုသည့်ပစ္စည်းများကို ပြုစုသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ MoU ကို အောင်မြင်စွာ ညှိနှိုင်းအကောင်အထည် ဖော်နိုင်ပါက ဆန်စပါး အပါအဝင် မြန်မာ့လယ်ယာ၊ သားငါး ထွက်ကုန်များကို မူဆယ်နယ်စပ် ကုန်သွယ်မှုလမ်းကြောင်းမှ တွင်ကျယ်စွာတင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ကုန်ဖလှယ်မှုဖြစ်၍ လယ်ယာထွက်ကုန်များ တင်ပို့သည့် တန်ဖိုးနှင့်ညီမျှသော ယူနန်ပြည်နယ်မှ ထုတ်လုပ်သည့် ဆောက်လုပ်ရေးပစ္စည်းများ၊ လယ်ယာသုံးစက်ပစ္စည်းများ၊ ဓာတ်မြေသြဇာစသည့် ကုန်ပစ္စည်းများကို ပြန်လည်ဝယ်ယူပေးရမည်ဖြစ်ကြောင်းသိရသည်။

ဒါက အစိုးရချင်း MOUရေးထိုးတဲ့ သဘောမျိုးပါ။ ဒါ့အပြင် တရုတ်အစိုးရဘက်က သတ်မှတ်ထားတဲ့ အဓိကဆောင်ရွက်ရမယ့် ကော်မတီရှိတယ်။ မြန်မာနိုင်ငံဘက်က UMFCCI အောက်မှာ ကော်မတီ တစ်ခု ရှိမယ်။ ဒီ ကော်မတီနှစ်ခုက အသေးစိတ် သီးသန့်ထပ်ဆွေးနွေးပြီးတော့ ဆောင်ရွက်မယ်။ အကြမ်းဖျဉ်းကတော့ သူတို့လည်း ဆွေးနွေးပြီးသွားပြီ။ အသေးစိတ်ကတော့ ပုဂ္ဂလိကကဏ္ဍခြင်း ဆက်ပြီးလက်မှတ်ရေးထိုးရမယ်ဟု စီးပွားရေးနှင့် ကူးသန်း

ရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကဆိုသည်။

ယင်း MOU မှာ အကြိုသဘော ရေးထိုးခြင်းဖြစ်ကာ မေလတွင် နှစ်နိုင်ငံ တာဝန်ရှိသူများ ပြန်လည်တွေ့ဆုံကာ အရေအတွက် ပမာဏ၊ ဈေးနှုန်း စသည့် အရောင်းအဝယ်ကိစ္စများကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစနစ်တွင် လစဉ်ကုန်ဖလှယ်မှုကို အခြေခံသော အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး နှစ်ဖက်ညှိနှိုင်းကာ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုကို မြှင့်တင်ဆောင်ရွက်သွားမည့် အစီအစဉ်ဖြစ်ပြီး၊ ဆန်စပါးကို ဦးစားပေး၍ တင်ပို့နိုင်ရန် ညှိနှိုင်းဆွေးနွေးထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှသိရသည်။

လက်တလော တရုတ်- မြန်မာ နယ်စပ်ကုန်သွယ်ရေးတွင် မြန်မာနိုင်ငံဘက်မှ တရားဝင်တင်ပို့ခြင်းဖြစ်သော်လည်း တရုတ်နိုင်ငံဘက်မှ တရားမဝင်ကုန်ပစ္စည်းများအဖြစ်သတ်မှတ်ကာ မကြာခဏဖမ်းဆီးစစ်ဆေးမှုများပြုလုပ်နေခြင်းကြောင့် မူဆယ်နယ်စပ် ကုန်သွယ်မှုလမ်းကြောင်းမှ တရားဝင်တင်ပို့ရောင်းချနိုင်ရန်ရည်ရွယ်၍ အဆိုပါ ကုန်ဖလှယ်မှုစနစ် (Barter System) ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

**Source:**http://www.amiamyanmar.com/detail.aspx?id=7969

## လွယ်ဂျယ်လမ်းကြောင်းမှ ကျွဲ၊ နွား တင်ပို့နိုင်ရေး မြန်မာ-တရုတ်ကုန်သည်များတွေ့ဆုံမည်



ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ လွယ်ဂျယ်လမ်းကြောင်းမှ ကျွဲ၊ နွား တင်ပို့နိုင်ရေးအတွက် မြန်မာ - တရုတ် ကျွဲ၊ နွား ကုန်သည်များ ယခုလ ၂၇ ရက်နေ့၌ လွယ်ဂျယ်၌ တွေ့ဆုံမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကျွဲ၊ နွား တင်ပို့သူများအသင်း ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောသည်။ ယခုလ ပထမပတ်အတွင်းက နှစ်နိုင်ငံ ကျွဲ၊ နွား ကုန်သည်များသည် ၎င်းတို့၏ သက်ဆိုင်ရာ နိုင်ငံတာဝန်ရှိသူ များထံ လွယ်ဂျယ်မှ လမ်းကြောင်းမှ ကျွဲ၊ နွားများ တင်ပို့နိုင်ရန်အတွက်လည်း တင်ပြထားကြောင်း သိရသည်။ တစ်ဖက်အစိုးရဘက်က တာဝန်ရှိသူတွေနဲ့ မိမိအစိုးရတာဝန်ရှိသူတွေက ဒီလွယ်ဂျယ်လမ်းကြောင်းအပေါ် ဘယ်လိုမှတ်ချက်ထားလည်းဆိုတာဆွေးနွေးကြဖို့ဖြစ်ကြောင်း ဥက္ကဋ္ဌ ဦးစိုးနိုင်ကပြောသည်။

ပြီးခဲ့သည့် မတ်လ ၂၅ ရက်နေ့က လွယ်ဂျယ်လမ်းကြောင်းမှ တရုတ်ပြည်သို့ ကျွဲ၊ နွား တင်ပို့နိုင်ရန်အတွက်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကျွဲ၊ နွား တင်ပို့သူများအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကျွဲ၊ နွားတင်ပို့သူများအသင်းမှ စုပေါင်းကာ သွားရောက်လေ့လာထားကြောင်းသိရသည်။ မူဆယ်ကနေ ကျွဲ၊ နွားတင်ပို့တဲ့ အခါ လက်နက်ကိုင်အဖွဲ့အစည်းမျိုးစုံရဲ့ ပိုက်ဆံကောက်တာခံရတယ်။ ပြီးရင်အခြားအခက်အခဲမျိုးစုံရှိတယ်။ လွယ်ဂျယ်မှာကျ ဒီပြဿနာတွေ မရှိနိုင်ဘူးဟု ကျွဲ၊နွား ကုန်သည်တစ်ဦးက ပြောသည်။

**Source:**http://www.amiamyanmar.com/Detail.aspx?id=7970

## မြန်မာ့ဆန်တန်ချိန် ၁၈,၀၀၀ ကို ဖျက်ဆီးလိုက်တဲ့ကိစ္စဟာ မြန်မာ့ဆန်တွေ ပင်လယ်ပြင်မှာ ၆ လကျော်ကြာမြင့်သွားတာကြောင့် လို့ယူဆနိုင်



အိုင်ဗရီကို့စ် (IvoryCoast) နိုင်ငံကနေ မြန်မာ့ဆန် တန် ချိန် ၁၈,၀၀၀ ကို ဖျက်ဆီလိုက်တဲ့ကိစ္စဟာ မြန်မာ့ဆန်တွေ ပင်လယ်ပြင်မှာ ၆ လ ကျော်ကြာမြင့်သွားတာကြောင့် အရည်အသွေးပိုင်း ထိခိုက်သွားတာလို့ ယူဆနိုင်ပြီး လက်ရှိမှာတော့ ဘာ့ကြောင့်ရယ်လို့ တိတိကျကျ မသိရ သေးတဲ့အပြင် ဒီကစ္စဟာ နိုင်ငံ့ပုံရိပ်နဲ့ မြန်မာ့ဆန်ဈေး ကွက်အခြေအနေပါ ထိခိုက်လာနိုင်တဲ့ အတွက်အစိုးရနဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းများက ဆက်လက် စုံစမ်းဖြေရှင်းသွားမယ်လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက် အတွင်းဝန် ဦးခင်မောင်လွင်ကပြောပါတယ်။

စက်ဘာပူမှ ကုမ္ပဏီတစ်ခုကနေတဆင့် မြန်မာ့ဆန်ကို အာဖရိက နိုင်ငံ(GUNIEA)သို့ အောက်တိုဘာ လဆန်းပိုင်းက တင်ပို့ခဲ့တာဖြစ်ပါတယ်။စုစုပေါင်း ဆန်တန်ချိန် ၂၂,၀၀၀ ကို တင်ပို့ခဲ့ပြီး တန်ချိန် ၄,၀၀၀ သာ တစ်ဖက်နိုင်ငံက လက်ခံကြောင်း ကုမ္ပဏီက မတ်လမှာ စီးပွားကူးသန်းထံ အကြောင်းခဲ့တယ်လို့ သိရပါတယ်။ သည်အတွက်လည်း စီးပွားကူးသန်းကနေ လက်ခံခြင်းမရှိတဲ့ ဆန်တွေကို မြန်မာနိုင်ငံ သို့ပြန်လည်တင်ပို့ဖို့အတွက် Repair & Return စနစ်နဲ့ Import Permit များကို ခွင့်ပြုပေးခဲ့တယ်လို့သိရပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ လက်မခံတဲ့ ဆန်တန်ချိန် ၁၈,၀၀၀ ခန့်ကို တစ်ဖက် ကုမ္ပဏီက မြန်မာဘက်သို့ ပြန်လည်တင်ပို့ခြင်းမပြုတော့ပဲ အိုင်ဗရီကို့စ် (Ivory Coast)နိုင်ငံမှာပဲ ဆန်တွေချမယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ အကြမ်းဖျင်းသတင်းရရှိခဲ့တယ်လို့သိရပါတယ်။ ဒီလို သတင်းရရှိပြီး နောက်ပိုင်း အခုလို အိုင်ဗရီကို့စ် (Ivory Coast) နိုင်ငံကနေ မြန်မာ့ဆန်တွေကို ဖျက်ဆီးလိုက်တဲ့ သတင်းထွက်ပေါ်လာတာဖြစ်တယ်လို့သိရပါတယ်။ ဆန်ကအရည်အသွေးမမှီတတော့ဘူးဆိုပြီး သတင်းတွေ ထွက်လာတာပေါ့။ ဒါပေမယ့် ပြန်တွက်ကြည့်ရင် အခုသတင်းထွက်တာက ဧပြီလပေါ့။ ဆန်တင်တာက အောက်တိုဘာ အနည်းဆုံး ၆ လလောက်ရှိသွားပြီ။ သင်္ဘောပေါ်မှာ ၆ လလောက်ဆန်တင်ထားတယ်ဆိုရင် ဘာပဲပြောပြော Quality ကအဆင့်မီမှာ မဟုတ်တော့ကြောင်း ပြောပါတယ်။ အခိကကတော့ ကိုယ့်နိုင်ငံကဆန်က ဟိုဘက်ကို တင်ပို့တဲ့အချိန်မှာ third Party ဆိုတဲ့ စစ်ဆေးရေးအဖွဲ့ရှိကြောင်း၊ လက်ရှိ အကြမ်းဖျင်းကြားတဲ့အခါကျတော့ အခုကပုံမှန်စစ်ဆေးနေတဲ့ ကုမ္ပဏီတော့မဟုတ်ကြောင်း၊ ထိုင်းက စစ်ဆေးရေးကုမ္ပဏီက ဒီဆန်တွေကိုစစ်ဆေးပြီးမှ တင်ပို့တယ်လို့ သိရကြောင်းဆိုပါတယ်။ လက်ရှိမှာတော့ အစိုးရအနေနဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး Weight လျော့တာလား ၊ Quality မပြည့်တာလား ၊ ဒီပေါ်မှာ ဘယ်သူ့မှာ တာဝန်ရှိလဲ ၊ ဘယ်နေရာမှာ ဘာ့ကြောင့်ဒီလိုဖြစ်လဲဆိုတာကို သက်ဆိုင်ရာ စစ်ဆေးရေးကုမ္ပဏီ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံမှဆန်တင်ပို့တဲ့ကုမ္ပဏီတွေကိုခေါ်ပြီးတော့ တွေ့ဆုံမေးမြန်းတာတွေ စီစစ်တာတွေ လုပ်ဖို့တော့ စီစဉ်နေကြောင်းသိရပါတယ်။

ဦးခင်မောင်လွင်က အစောပိုင်းဒါကို ပြန်သယ်လာမယ်ဆိုတုန်းကလည်း ဒီဘက်ကစစ်ဆေးရေး အဖွဲ့ဖွဲ့ပြီး စီစစ်မယ် သက်ဆိုင်ရာဆိပ်ကမ်းအာဏာပိုင်တွေပါမယ်။ အကောက်အခွန်ပါမယ်။ စီးပွားကူးသန်းက တာဝန်ရှိသူတွေပါမယ် ၊ တတိယအဖွဲ့စစ်ဆေးရေးအဖွဲ့တွေပါလာမယ်။ နောက်တစ်ခါ စစချင်း ဆန်တွေကို စစ်ဆေးပေးတဲ့သူတွေပါမယ် ပြန်လာမယ့်ဆန်တွေကို စစ်ဆေးမယ်လို့စီစဉ်ခဲ့ပြီးကြောင်းပြောပါတယ်။ မြန်မာနိုင်ငံက တင်ပို့တဲ့ဆန်တန်ချိန် ၁၈၀၀၀ ကို စားသုံးဖို့မသင့်တော်ဘူးဆိုပြီး အိုင်ဗရီကို့စ်နိုင်ငံက ပြီးခဲ့တဲ့ ဧပြီလ ၁၇ ရက်နေ့က ဖျက်ဆီးပစ်လိုက်တာဖြစ်ပါတယ်။ အဲဒီဆန်အိတ်တွေကို ဆိပ်ကမ်းကနေထရပ်ကားတွေနဲ့တင်ဆောင်ပြီး တနေရာမှာ စွန့်ပစ်လိုက်တယ်လို့ လူမှုကွန်ယက်စာမျက်နှာတွေပေါ်မှာ သတင်းတွေပျံ့နှံ့နေတာဖြစ်ပါတယ်။ လက်ရှိမှာတော့ သည်ကိစ္စကြောင့် နိုင်ငံ့ပုံရိပ်အပြင် မြန်မာ့ဆန်ပုံရိပ်ကိုပါ ကမ္ဘာ့အလယ်မှာ ကျဆင်းနိုင်ကြောင်း ပြည်သူတွေကြားမှာ ဝေဖန်မှုတွေလည်းရှိနေကြောင်း၊ စီးပွားကူးသန်းအနေနဲ့ကလည်း မြန်မာ့ဆန်ဟာ အီယူဈေးကွက်သို့ပင် ထိုးဖောက်နေပြီဖြစ်တဲ့အတွက် အခုလိုဖြစ်တာဟာ ဘာ့ကြောင့်ဆိုတာကို တိတိကျကျသိနိုင်အောင် အမြန်ဆုံးဖော်ထုတ်စစ်ဆေးသွားမယ်လို့သိရပါတယ်။

Source:https://www.kumudranews.com/news-33068

## ပြည်ပသို့ ကြက်သွန်နီတင်ပို့မှု အလားလာကောင်းသော်လည်း ဈေးနှုန်းကျဆင်းနေ



၂၀၁၉ ခုနှစ် သုံးလအတွင်း(ဇန်နဝါရီမှ မတ်လ) အထိ ပြည်ပသို့ ကြက်သွန်နီတန်ချိန် ၂၀,၀၀၀ ခန့် အမေရိကန်ဒေါ်လာ ၄ သန်းကျော် ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ပိုတင်ပို့လာနိုင်ကြောင်း ပြောနိုင်ပေမယ့် ၂၀၁၆ - ၁၇ ဘဏ္ဍာနှစ်ကနဲ့ ယှဉ်ရင်ဈေးနှုန်းတွေကျဆင်းနေတယ်။ အခုလည်း ပြည်တွင်းဈေးက လှောင်လက်ကြိုက်ဈေးပဲ။ တစ်ပိဿာ ၅၀၀ ကျပ်ဈေးက ထုတ်လုပ်မှု စရိတ်အောက်ကျဆင်းနေတယ်။ တရုတ်ဘက်၊ အိန္ဒိယဘက်ကို နယ်စပ်လမ်းကြောင်းကနေသွားနေတယ်။ ဒါကလည်း ပြည်တွင်းမှာပိုလျှံနေတော့ ပြည်ပပိုမိုပို့ဖို့ကြိုးပမ်းနိုင်မှ စိုက်ပျိုး တောင်သူတွေ ဈေးကောင်းလာမှာ ဖြစ်ကြောင်း မန္တလေးရှိ ဂင်းမြပွဲရုံ ဦးမြဂင်းကပြောသည်။ ပြည်ပသို့ တင်ပို့ရာ တွင်လည်း ပုတ်ကုန်သီးနှံအမျိုးအစားဖြစ်၍ အအေးခန်းကွန်တိန်နာများကို မသုံးနိုင်သဖြင့် ပင်လယ်ရေကြောင်းမှ တွင်တွင်ကျယ်ကျယ်တင်ပို့နိုင်ခြင်းမရှိကြောင်း၊ သဘာဝအတိုင်း သိုလှောင်ရာတွင် ခြောက်လခန့်အတွင်း လေလွင့်မှု သည် ၂၀ မှ ၃၀ ရာခိုင်နှုန်းခန့် အထိပင်ရှိလာကြောင်းၾင်းကဆိုသည်။

လက်ရှိ ကြက်သွန်နီ (ဂွန်ကြီး) တစ်ပိဿာလျှင် ကျပ် ၄၀၀ မှ ၅၀၀ ကြား၊ ကြက်သွန်နီ (ဂွန်လတ်) တစ်ပိဿာလျှင် ကျပ် ၃၅၀ မှ ၄၀၀ ကြား၊ ကြက်သွန်နီ (ဂွန်သေး) တစ်ပိဿာလျှင် ကျပ် ၃၀၀ ခန့်သာ ဈေးနှုန်းရရှိနေခြင်းကြောင့် ပွဲရုံများသို့ လာရောက်ရောင်းချသည့် တောင်သူများကို သယ်ယူပို့ဆောင်ခ အနည်းငယ်ပြန်ပေးကြောင်းသိရသည်။ ကြက်သွန်က ထားသိုဖို့လည်းမလွယ်ကြောင်း၊ အဝယ်ရှိပြီဆိုရင် ချက်ချင်းဝုန်းဒိုင်းဆို ဈေးအများကြီး ပြန်တက်နိုင်တယ်။ တက်ရင်လည်းမြန်သလို ကျရင်လည်းမြန်ပြီးတော့ ကုန်စိမ်းဆန်တယ်။ လက်ရှိမှာတော့ စိုက်ပျိုးစရိတ်အောက် ရောက်နေတယ်။ တစ်ပိဿာကို ကျပ် ၃၅၀ ကနေ ၄၀၀ လောက်ရှိကြောင်း မြန်မာနိုင်ငံ ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခင်ဟန်ကပြောသည်။ ၂၀၁၈-၁၉ ဘဏ္ဍာခုနှစ် ကြားကာလအတွင်း တန်ချိန် ၃၃,၀၀၀ ကျော် အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၂,၀၀၀ ကျော် အမေရိကန်ဒေါ်လာ ၉ သန်းကျော် ၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၆ သောင်းကျော် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၈၈၊ ၂၀၁၆- ၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄၇,၀၀၀ ကျော် အမေရိကန်ဒေါ်လာ ၁၄ သန်းကျော် အသီးသီး ဈေးရရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ကြက်သွန်နီ အဓိကစိုက်ပျိုးထုတ်လုပ်မှုတွင် မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ၃ ခု သာဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးတွင် မြင်းခြံခရိုင်တွင် အများဆုံးစိုက်ပျိုးလျက်ရှိသည်။

Source:http://www.amiamyanmar.com/Detail.aspx?id=7972

# STOCK EXCHANGE (22.4.19)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 22nd Apr. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | -100 | -1.15% | 8,700 | 8,700 | 8,600 | 1,252 | 10,768,300 | 27,112,747 | 233,170 |
| MTSH | 00002 | 2,900 | -50 | -1.69% | 2,900 | 2,900 | 2,900 | 2,994 | 8,682,600 | 38,929,150 | 112,895 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 10 | 70,000 | 10,400,986 | 72,807 |
| FPB | 00004 | 20,000 | +0 | +0.00% | 20,000 | 20,000 | 20,000 | 0 | 0 | 2,472,053 | 49,441 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 10 | 27,000 | 12,212,906 | 32,975 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 367.18 | -3.41 | -0.92% | 369.17 | 369.17 | 367.18 | 4,266 | 19,547,900 | 5 | 501,288 |

### Index chart





# Market Overview

As of 1:00 pm, 22nd Apr. 2019

| MYANPIX | 367.18 ▼ 3.41 |
|---|---|
| Total Volume (shares) | 4,266 |
| Total Value (MMK) | 20 mil |
| Listed Company | 5 |
| Market Cap. (MMK) | 501,288 mil |

MYANPIX




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▼ 100 |
| MTSH | 00002 | 2,900 | ▼ 50 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 20,000 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |